# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (အများနှင့် သက်ဆိုင်သောကုမ္ပဏီ)




## The Bank We Trust

## (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့
## တင်သွင်းသည့်
## ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက် (တနင်္ဂနွေနေ့)

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၇)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသည့်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်အောက်တိုဘာလမှ၂၀၁၈ခုနှစ်ဩဂုတ်လထိဘဏ်လုပ်ငန်းလုပ်ကိုင်ခဲ့သည့်သက်တမ်းမှာ (၂၇)နှစ်တွင်းသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့မှ မိမိတို့အစုရှင်များကို နှစ်စဉ်လုပ်ငန်းတိုးတက်အောင်မြင်မှုအားသာချက်၊ အားနည်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ် ဝေဖန် အကြံဉာဏ်များ ပေးနိုင်ရန်နှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကိုအတည်ပြုပေးရန် တင်ပြပါသည်။

### ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်လုပ်ငန်းတိုးတက်မှုအခြေအနေ

ပထမပုဂ္ဂလိကဘဏ်သည်အများပြည်သူ၏ယုံကြည်မှုခိုင်မာလာခြင်းကြောင့် ဘဏ်လုပ်ငန်းများအောင်မြင်မှုရရှိခဲ့သဖြင့် ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင်စာရင်းဝင်ကုမ္ပဏီအဖြစ်ဝင်ရောက်ခဲ့ပြီး(၂၀-၁-၂၀၁၇)နေ့မှစ၍(YSX)တွင်အစုရှယ်ယာများကိုအရောင်းအဝယ်ပြုလုပ်လျှက်ရှိပါသည်။အစုရှယ်ယာရှင်များကိုနှစ်စဉ်အမြတ်ဝေစုများကိုခွဲဝေပေးနိုင်ခဲ့ပါသည်။၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်(၃၁. ၃. ၂၀၁၇)နေ့တွင်အပ်ငွေစုစုပေါင်းမှာ **ကျပ် ၁၆၅,၆၆၂. ၆၀သန်း**ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်(၃၁. ၃. ၂၀၁၈)နေ့တွင်**ကျပ် ၁၈၅,၁၅၇. ၇၈သန်း** ထိတိုးခဲ့သဖြင့်**(၁၁. ၇၇%)** တိုးခဲ့ပါသည်။ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေမှာ **ကျပ် ၁၅၇,၉၄၈. ၁၁သန်း** မှ **ကျပ် ၁၇၅,၆၀၁. ၉၂ သန်း**ထိ **(၁၁. ၁၈%)**တိုးပြီးထုတ်ချေးနိုင်ခဲ့ပါသည်။အသားတင်အမြတ်မှာ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်**ကျပ်၈,၆၃၂. ၉၈ သန်း**ရရှိခဲ့ပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၇,၈၀၁. ၀၉သန်း** ရရှိသဖြင့်**(၉. ၆၄%)**လျော့နည်းခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်နိုင်ငံတော်သို့ဝင်ငွေခွန် **ကျပ်၁,၅၆၀. ၂၂သန်း**ပေးဆောင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်အစုရှင်များကိုအမြတ်ဝေစု **ကျပ်၄,၉၄၄. ၁၁သန်း**ခွဲဝေထုတ်ပေးလျှက်ရှိပါသည်။ ဘဏ်လုပ်ငန်းတိုးတက်မှုအခြေအနေများ နှိုင်းယှဉ်ချက်ကိုဇယား(၁)တွင်အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

**ဇယား - ၁ -**

**လုပ်ငန်းတိုးတက်မှုအခြေအနေ နှိုင်းယှဉ်ချက်**

| အကြောင်းအရာ | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ခြားနားချက် |
|---|---|---|---|---|
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၆၅,၆၆၂. ၆၀ | ၁၈၅,၁၅၇. ၇၈ | ၁၁. ၇၇% |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၅၇,၉၄၈. ၁၁ | ၁၇၅,၆၀၁. ၉၂ | ၁၁. ၁၈% |
| ၃။ အသားတင်အမြတ် | (ကျပ်သန်း) | ၈,၆၃၂. ၉၈ | ၇,၈၀၁. ၀၉ | - ၉. ၆၄% |
| ၄။ အမြတ်ခွန် | (ကျပ်သန်း) | ၂,၁၅၈. ၁၉ | ၁,၅၆၀. ၂၂ | -၂၇. ၇၁% |
| ၅။ အမြတ်ခွဲဝေမှု | (ကျပ်သန်း) | ၄,၉၄၄. ၁၁ | ၄,၉၄၄. ၁၁ | - |
| ၆။ အစုရှယ်ယာအရေအတွက် | (အစု) | ၂,၄၇၂,၀၅၃ | ၂,၄၇၂,၀၅၃ | - |
| ၇။ အစုရှယ်ယာရောင်းရငွေ | (ကျပ်သန်း) | ၂၄,၇၂၀. ၅၃ | ၂၄,၇၂၀. ၅၃ | - |
| ၈။ အစုရှယ်ယာရှင်ဦးရေ | (ဦးရေ) | ၈,၄၃၃ | ၈,၂၆၁ | -၂. ၀၄% |
| ၉။ အစုရှယ်ယာတစ်စုတန်ဖိုး | (ကျပ်) | ၂၃,၂၈၉. ၃၄ | ၂၃,၇၃၀. ၅၅ | ၁. ၉၀% |
| ၁၀။အစုရှယ်ယာတစ်စုအတွက် အသားတင်အမြတ် | (ကျပ်) | ၂,၆၁၉ | ၂,၅၂၅ | -၃. ၅၉% |
| ၁၁။ရုံးချုပ်/ဘဏ်ခွဲများ | (ခုရေ) | ၃၄ | ၃၄ | - |
| ၁၂။ဝန်ထမ်းဦးရေ | (ဦးရေ) | ၆၂၀ | ၆၃၅ | ၁၅ယောက် |
| ၁၃။ဘဏ်ပိုင်မြေနှင့်အဆောက်အဦ | (ခုရေ) | ၄၀ | ၄၁ | ၁ ခု |

## ဘဏ်ခွင့်ပြုမတည်ငွေရင်းနှင့်ထည့်ဝင်ပြီးမတည်ငွေရင်းများ

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင်ခွင့်ပြုမတည်ငွေရင်း (Authorized Capital) **ကျပ် သန်း၁,၀၀၀** ဖြင့်မတည်ထားပါသည်။ ခွင့်ပြုမတည်ငွေရင်းကို(၄-၁၀-၁၉၉၉)နေ့တွင်**ကျပ် သန်း၂,၀၀၀** (၁-၇-၂၀၀၅)နေ့တွင်**ကျပ်သန်း ၅,၀၀၀** (၇-၁-၂၀၀၈)နေ့တွင်**ကျပ်သန်း၁၀,၀၀၀**(၂၁-၁-၂၀၁၁)နေ့တွင်**ကျပ် သန်း ၃၀,၀၀၀**နှင့်(၁၄-၃-၂၀၁၄)နေ့တွင်**ကျပ် သန်း ၁၀၀,၀၀၀**ထိအဆင့်ဆင့်တိုးမြှင့်ခဲ့ပါသည်။(၃၁-၃-၂၀၁၈)နေ့အထိ ခွင့်ပြုမတည်ငွေရင်း (Authorized Capital) **ကျပ်သန်း ၁၀၀,၀၀၀** အနက်အစုရှယ်ယာများရောင်းချရငွေထည့်ဝင်ပြီးမတည်ငွေရင်း(Paid up Capital)မှာ **ကျပ် ၂၄,၇၂၀. ၅၃သန်း** ရှိပါသည်။

## တိုးမြှင့်ရောင်းချခဲ့သည့်အစုရှယ်ယာဈေးနှုန်းများ

ဘဏ်စတင်ဖွင့်လှစ်သည့်၁၉၉၂ခုနှစ်တွင်အစုရှယ်ယာတစ်စုလျှင် **ကျပ်၁၀,၀၀၀** ဖြင့် သတ်မှတ်ရောင်းချခဲ့ပြီး ဘဏ်အမြတ်ငွေများနှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်း၊နှစ်စဉ်အမြတ်ဝေစုများခွဲဝေပေးနိုင်ခဲ့၍လည်းကောင်းအစုရှယ်ယာဈေးနှုန်းများကိုအမြတ်တင်၍တဖြည်းဖြည်းတိုးမြှင့်ရောင်းချခဲ့ပါသည်။အစုရှယ်ယာများကိုအမြတ်တင်ရောင်းချရသည့်ငွေများကိုပရီမီယံစာရင်းတွင်ထည့်သွင်းထားပြီး(၃၁-၃-၂၀၁၈)နေ့တွင်**ကျပ်၁၁,၈၄၅. ၈၈သန်း** ရှိပါသည်။အဆင့်ဆင့်တိုးမြှင့်ရောင်းချခဲ့သည့်အစုရှယ်ယာဈေးနှုန်း၊အစုအရေအတွက်နှင့်ရာခိုင်နှုန်းများကိုအောက်ပါဇယား(၂)တွင်ဖော်ပြထားပါသည်။

**ဇယား( -၂-)**

**တိုးမြှင့်ရောင်းချခဲ့သည့် အစုရှယ်ယာဈေးနှုန်း**

| | **ခုနှစ်** | **ရှယ်ယာရောင်းဈေး(ကျပ်)** | **အရေအတွက်(စု)** | **ရာခိုင်နှုန်း** |
|---|---|---|---|---|
| ၁။ | ၁၉၉၂ မှ ၁၉၉၄ | ၁၀,၀၀၀ | ၂၀,၅၆၆ | ၀. ၈၃ |
| ၂။ | ၁၉၉၅ မှ ၁၉၉၉ | ၁၁,၀၀၀ | ၃၂,၁၄၄ | ၁. ၃၀ |
| ၃။ | ၁၉၉၉ မှ ၂၀၀၆ | ၁၂,၀၀၀ | ၂၇၇,၅၈၄ | ၁၁. ၂၃ |
| ၄။ | ၂၀၀၆ မှ ၂၀၀၇ | ၁၃,၀၀၀ | ၉၁,၂၃၈ | ၃. ၆၉ |
| ၅။ | ၂၀၀၇ မှ ၂၀၀၈ | ၁၄,၀၀၀ | ၇၈,၄၆၈ | ၃. ၁၇ |
| ၆။ | ၂၀၀၈ မှ ၂၀၁၂ | ၁၅,၀၀၀ | ၄၅၉,၈၃၉ | ၁၈. ၆၀ |
| ၇။ | ၂၀၁၂ မှ ၂၀၁၃ | ၁၇,၀၀၀ | ၅၉၆,၁၄၁ | ၂၄. ၁၂ |
| ၈။ | ၂၀၁၃ မှ ၂၀၁၄ | ၁၈,၀၀၀ | ၂၈၆,၀၃၈ | ၁၁. ၅၇ |
| ၉။ | ၂၀၁၄ မှ ၂၀၁၅ | ၁၉,၀၀၀ | ၁၅၁,၉၂၁ | ၆. ၁၅ |
| ၁၀။ | ၂၀၁၅ မှ ၂၀၁၆ | ၂၀,၀၀၀ | ၁၈၉,၃၂၄ | ၇. ၆၆ |
| ၁၁။ | ၂၀၁၆ မှ ၂၀၁၇ | ၂၅,၀၀၀ | ၂၀၇,၁၉၄ | ၈. ၃၈ |
| ၁၂။ | ၂၀၁၆ မှ၂၀၁၇ | ၃၀,၀၀၀ | ၈၁,၅၉၆ | ၃. ၃၀ |
| | **စုစုပေါင်း** | | **၂,၄၇၂,၀၅၃** | **၁၀၀** |

## ရှယ်ယာတစ်စု တန်ဖိုးတိုးတက်လာခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့တွင် ရောင်းချထားသည့်အစုရှယ်ယာအရေအတွက်မှာ **(၂,၄၇၂,၀၅၃)စု** တန်ဖိုးငွေ**ကျပ်၂၄,၇၂၀. ၅၃သန်း** ဖြစ်ပြီး အစုရှယ်ယာရှင်ဦးရေမှာ**(၈,၂၆၁)ဦး**ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်၏ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး (Book Value per Share) မှာ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၂၃,၂၈၉ . ၃၄** ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၂၃,၇၃၁. ၅၅** ရှိသည့်အတွက်**(၁. ၉၀%)**တိုးတက်ခဲ့ပါသည်။

ဘဏ်ပိုင်မြေနှင့်အဆောက်အဦများကိုမူလဝယ်စျေးဖြင့်မဟုတ်ဘဲ လက်ရှိ ကာလတန်ဖိုးများကို ၂၀၁၈ခုနှစ်ဇွန်လတွင်ခန့်မှန်းတွက်ချက်ကြည့်ရာစုစုပေါင်းတန်ဖိုး**ကျပ် ၃၄,၃၃၀. ၅၀သန်း** ရှိပါသည်။ ဘဏ်မှဝယ်ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ဝယ်ယူထားသည့် မူလတန်ဖိုးများနှင့်လက်ရှိကာလပေါက်စျေးကိုနှိုင်းယှဉ်ရာတွင်အသားတင်တိုးလာသည့်တန်ဖိုး **ကျပ် ၂၅,၉၂၅. ၉၆သန်း** ကို ထည့်သွင်းတွက်ချက်ပါက **(၃၁-၃-၂၀၁၈) နေ့တွင်အစုရှယ်ယာတစ်စုတန်ဖိုးမှာ ကျပ် ၃၄,၂၁၉ရှိပါသည်။**

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန် တွင် ရောင်းချထားသည့်အစုရှယ်ယာ**(၂,၄၇၂,၀၅၃) စု**တန်ဖိုးငွေ**ကျပ် ၂၄,၇၂၀. ၅၃သန်း** ဖြစ်ပြီးအစုရှယ်ယာရှင်ဦးရေမှာ**(၈,၂၆၁)ဦး**ရှိပါသည်။(၃၁-၃-၂၀၁၈)နေ့တွင်Special Account တွင်အစုရှင်**(၆,၄၄၀)ဦး**အစုရှယ်ယာအရေအတွက်**(၁,၄၄၉,၉၇၇) စု** နှင့်ရန်ကုန်စတော့အိပ်ချိန်းတွင်အရောင်းအဝယ်ပြုလုပ်ရန် Securities Account ဖွင့်လှစ်ထားသည့်အစုရှင်**(၁,၈၂၁)ဦး**အစုရှယ်ယာအရေအတွက် **(၁,၀၂၂,၀၇၆)စု** ဖြစ်ပါသည်။ဒါရိုက်တာအဖွဲ့ဝင်များ၏ (၃၁-၃-၂၀၁၈)နေ့ရှိ အစုရှယ်ယာပိုင်ဆိုင်မှုကိုဇယား(၃)တွင်ဖော်ပြထားပါသည်။

**ဇယား( -၃-)**

**(၃၁-၃-၂၀၁၈)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှုစာရင်း**

| ဒါရိုက်တာအမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း | အစည်းအဝေးတက်ရောက်သည့်အကြိမ် (၂၀၁၇ဧပြီလ-၂၀၁၈မတ်လ) |
|---|---|---|---|
| ၁။ ဒေါက်တာစိန်မောင် | ၅၀,၂၆၄ | ၂. ၀၃% | ၁၂ ကြိမ် |
| ၂။ ဒေါ်လှလှဝင်း | ၈,၂၀၄ | ၀. ၃၃% | ၁၂ ကြိမ် |
| ၃။ ဦးမြင့်ဇော် | ၁,၅၅၇ | ၀. ၀၆% | ၁၂ ကြိမ် |
| ၄။ ဦးနေလင်းဦး | ၆၂,၇၂၆ | ၂. ၅၄% | ၈ ကြိမ် |
| ၅။ ဦးမျိုးထွန်း | ၁၃,၈၂၅ | ၀. ၅၆% | ၈ ကြိမ် |
| ၆။ ဦးကောင်း | ၂၂,၉၂၆ | ၀. ၉၃% | ၁၂ကြိမ် |
| ၇။ ဒေါက်တာတင်ကြည် | ၅,၉၂၉ | ၀. ၂၄% | ၇ ကြိမ် |
| ၈။ ဒေါ်လှလှရီ | ၁၂,၉၃၁ | ၀. ၅၂% | ၁၁ကြိမ် |
| ၉။ ဦးဟန်မြင့် | ၇,၆၈၆ | ၀. ၃၁% | ၈ ကြိမ် |
| ၁၀။ ဒေါက်တာတင်သိန်း | ၂၈၁ | ၀. ၀၁% | ၈ ကြိမ် |
| ၁၁။ ဦးဖြိုးလှဝေ | ၁၄,၀၆၀ | ၀. ၅၇% | ၉ ကြိမ် |
| ၁၂။ ဒေါက်တာအောင်မင်း | ၃၀၀ | ၀. ၀၁% | ၁၀ ကြိမ် |
| ၁၃။ ဦးမြင့်လွင် | ၁၂,၄၁၄ | ၀. ၅၀% | ၈ ကြိမ် |
| ၁၄။ ဦးထွန်းဆိုင် | ၃,၀၉၃ | ၀. ၁၃% | ၈ ကြိမ် |
| ၁၅။ ဦးထင်အောင်ကျော်ဦး | ၁၀,၀၀၅ | ၀. ၄၀% | ၄ ကြိမ် |
| ၁၆။ ဦးကပ်ခင်းပေါင်(Independent Director) | ၁၅၀ | ၀. ၀၁% | ၇ ကြိမ် |
| **စုစုပေါင်း** | **၂၂၆,၃၅၁** | **၉. ၁၅%** | |

**ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု**

(၃၁-၃-၂၀၁၈)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှုမှာ အစုရှယ်ယာအရေအတွက်**(၂၂၆,၃၅၁)စု** ဖြစ်ပြီး စုစုပေါင်းရောင်းချထားသည့်အစုရှယ်ယာ၏ **(၉. ၁၅%)**ဖြစ်ပါသည်။

### အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာများ

အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာများမှာ (၁) ဒေါက်တာစိန်မောင်(ဥက္ကဌ) (၂)ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ) (၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်) (၄) ဒေါက်တာအောင်မင်း(ဒါရိုက်တာ CIO)တို့ဖြစ်ကြပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ဒါရိုက်တာများကိုချီးမြှင့်သည့်လစာနှင့်စရိတ်များ၊အစည်းအဝေးထိုင်စရိတ် ဧည့်ခံစရိတ်များနှင့် နယ်ဘက်ခွဲ ကြီးကြပ်ရေး ကော်မတီများ၏ အစည်းအဝေးထိုင်စရိတ်များ နှင့် ဧည့်ခံစရိတ်များမှာ **ကျပ်၉၈. ၁၂သန်း** ရှိပါသည်။

## အစုရှင်များ၏ရပိုင်ခွင့်များတိုးတက်လာခြင်း

အစုရှင်များ၏ရပိုင်ခွင့်များမှာ(၃၁-၃-၂၀၁၇)နေ့တွင် **ကျပ် ၅၇,၅၇၂. ၄၈သန်း**ရှိပြီး၊(၃၁-၃-၂၀၁၈)နေ့တွင် **ကျပ် ၅၈,၆၆၅. ၆၅သန်း**ရှိသောကြောင့်**(၁. ၉၀)ရာခိုင်နှုန်း**တိုးတက်ခဲ့ပါသည်။ အစုတစ်စုတန်ဖိုး(Value per share)မှာကျပ်**၂၃,၂၈၉. ၃၄**မှ**ကျပ်၂၃,၇၃၁. ၅၅**ထိတိုးခဲ့သဖြင့်အစုတစ်စုလျှင်**ကျပ်၄၄၂. ၂၁**တိုးခဲ့ပါသည်။ အစုရှင်များ၏ရပိုင်ခွင့်များတိုးတက်မှုကို ဇယား(၄)တွင်နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား( -၄-)**
**အစုရှင်များ၏ရပိုင်ခွင့်များတိုးတက်လာခြင်း**
**(ကျပ် သန်း)**

| | **၂၀၁၆-၂၀၁၇** | **၂၀၁၇-၂၀၁၈** |
|---|---|---|
| ၁။ ထည့်ဝင်ပြီးမတည်ငွေရင်း | ၂၄,၇၂၀. ၅၃ | ၂၄,၇၂၀. ၅၃ |
| ၂။ ရှယ်ယာပရီမီယံ | ၁၁,၈၄၆. ၁၂ | ၁၁,၈၄၅. ၈၈ |
| ၃။ အထွေထွေသီးသန့်ရန်ပုံငွေ | ၁၁,၉၄၆. ၄၃ | ၁၃,၅၀၆. ၆၅ |
| ၄။ ကြွေးဆုံးရန်ပုံငွေ | ၃,၁၅၈. ၉၆ | ၃,၅၁၂. ၀၄ |
| ၅။ အရေးပေါ်သီးသန့်ရန်ပုံငွေ | ၂၅၁. ၇၃ | ၁၀၁. ၇၀ |
| ၆။ အခြားရန်ပုံငွေများ | ၃၈၈. ၁၂ | ၈. ၁၂ |
| ၇။ အမြတ်ဝေစုလျာထားငွေ | ၄,၅၅၉. ၀၃ | ၄,၃၂၇. ၅၈ |
| ၈။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၇၀၁. ၅၆ | ၆၄၃. ၁၅ |
| **စုစုပေါင်းအစုရှင်များ၏ရပိုင်ခွင့်** | **၅၇,၅၇၂. ၄၈** | **၅၈,၆၆၅. ၆၅** |
| **အစုတစ်စုတန်ဖိုး(Value per share)ကျပ်** | **၂၃,၂၈၉. ၃၄** | **၂၃,၇၃၁. ၅၅** |

**မှတ်ချက်-** ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုလျာထားငွေမှာ **ကျပ်၄,၃၂၇. ၅၈သန်း**ဖြစ်သော်လည်း အစုရှင်များကိုခွဲဝေပေးသည့်အမြတ်ဝေစုမှာ **ကျပ်၄,၉၄၄. ၁၁သန်း** ဖြစ်ပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများကို မူလဝယ်ဈေးဖြင့်မတွက်ဘဲ ကာလပေါက်ဈေးဖြင့်တွက်ချက်ပါက အစုတစ်စု၏ အမှန်တကယ်တန်ဘိုး(Fair value)မှာ **ကျပ် ၃၄,၂၁၉**ရှိပါသည်။

## ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အရှုံး-အမြတ်အခြေအနေ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ရငွေစုစုပေါင်းမှာ **ကျပ်၂၃,၉၀၃. ၅၄သန်း** ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၂၄,၃၃၅. ၂၇သန်း** ထိ တိုးတက်ခဲ့သဖြင့် စုစုပေါင်းရငွေမှာ **(၁. ၈၁%)**တိုးတက်ခဲ့ပါသည်။ အတိုးရငွေမှာ **(၆. ၁၄%)**တိုးတက်လာသော်လည်းအခြားရငွေများမှာ**(၁၉. ၂၈%)**လျော့နည်းသွားသဖြင့်ရငွေစုစုပေါင်းမှာ**(၁. ၈၁%)**သာတိုးခြင်းဖြစ်ပါသည်။ရငွေများတိုးတက်လာသကဲ့သို့ အတိုးစရိတ်အပါအဝင် အသုံးစရိတ်များမှာလည်း တိုးမြင့်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင်အတိုးစရိတ်အပါအဝင်အသုံးစရိတ်စုစုပေါင်းမှာ **ကျပ်၁၅,၂၇၀. ၅၆သန်း**ရှိပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁၆,၅၃၄. ၁၈သန်း** ထိတိုးမြင့်ခဲ့၍အသုံးစရိတ်စုစုပေါင်းမှာ **(၈. ၂၇%)**တိုးခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်အခွန်မနှုတ်မီအမြတ်မှာ**ကျပ်၈,၆၃၂. ၉၈သန်း** ရရှိပြီး၊၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၇,၈၀၁. ၀၉သန်း** ရရှိခဲ့သောကြောင့် အသားတင်အမြတ်မှာ**ကျပ်၈၃၁. ၈၉သန်း** **(၉. ၆၄%)**လျော့နည်းခဲ့ပါသည်။အရှုံးအမြတ်နှိုင်းယှဉ်ချက်ကိုဇယား(၅)တွင်ဖော်ပြထားပါသည်။

**ဇယား - ၅ -**

**အရှုံး -အမြတ် နှိုင်းယှဉ်ချက်**

**( ကျပ်သန်း )**

| **အကြောင်းအရာ** | **၂၀၁၆–၂၀၁၇** | **၂၀၁၇–၂၀၁၈** | **ရာခိုင်နှုန်း** |
|---|---|---|---|
| **ရငွေ** | | | |
| အတိုးရငွေ | ၁၉,၈၂၇. ၅၅ | ၂၁,၀၄၅. ၂၈ | ၆. ၁၄ |
| အခြားရငွေ | ၄,၀၇၅. ၉၉ | ၃,၂၈၉. ၉၉ | - ၁၉. ၂၈ |
| **ရငွေစုစုပေါင်း** | **၂၃,၉၀၃. ၅၄** | **၂၄,၃၃၅. ၂၇** | **၁. ၈၁** |
| **အသုံးစရိတ်** | | | |
| အတိုးစရိတ် | ၁၂,၈၇၈. ၁၀ | ၁၃,၈၄၃. ၁၀ | ၇. ၄၉ |
| လုပ်ငန်းကုန်ကျစရိတ် | ၂,၃၉၂. ၄၆ | ၂,၆၉၁. ၀၈ | ၁၂. ၄၈ |
| **အသုံးစရိတ်စုစုပေါင်း** | **၁၅,၂၇၀. ၅၆** | **၁၆,၅၃၄. ၁၈** | **၈. ၂၇** |
| **အခွန်မနှုတ်မီအမြတ်** | **၈,၆၃၂. ၉၈** | **၇,၈၀၁. ၀၉** | **- ၉. ၆၄** |

## ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ် အမြတ်ငွေများကိုခွဲဝေလျာထားခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်အခွန်မနှုတ်မီအသားတင်အမြတ်မှာ **ကျပ်၇,၈၀၁. ၀၉သန်း**ရရှိခဲ့ပြီး အမြတ်များကိုအောက်ပါအတိုင်းခွဲဝေလျာထားခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | နိုင်ငံတော်သို့ အမြတ်ခွန် (၂၀%) | ကျပ် ၁,၅၆၀. ၂၂သန်း |
| ၂။ | အထွေထွေသီးသန့်ရန်ပုံငွေ (၂၅%) | ကျပ် ၁,၅၆၀. ၂၂သန်း |
| ၃။ | ကြွေးဆုံးနှင့်အခြားပယ်ဖျက်မှုရန်ပုံငွေ (၂%) | ကျပ် ၃၅၃. ၀၇သန်း |
| ၄။ | မခွဲဝေရသေးသည့်အမြတ်ဝေစုစာရင်း | ကျပ် ၄,၃၂၇. ၅၈သန်း |
| | **စုစုပေါင်း** | **ကျပ် ၇,၈၀၁. ၀၉သန်း** |

## ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ်ဘဏ္ဍာရေးအချိုးများ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်နှင့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်ကို ဇယား( ၆ )တွင်ဖေါ်ပြထားပါသည်။ ဘဏ္ဍာရေးအချိုးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်နှင့်အညီ တွက်ချက်ထားခြင်းဖြစ်ပါသည်။

**ဇယား -၆-**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | **၂၀၁၆–၂၀၁၇** | **၂၀၁၇–၂၀၁၈** |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၂၃. ၁၃% | ၂၃. ၁၂% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1) | ၂၆. ၄၀% | ၂၂. ၁၇% |
| ၃။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1+2) | ၂၇. ၆၅% | ၂၃. ၄၂% |
| ၄။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁. ၃၃ း ၁ | ၁. ၃၁ း ၁ |
| ၅။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| အခွန်မနှုတ်မီ | ၃၄. ၉၂% | ၃၁. ၅၆% |
| အခွန်နှုတ်ပြီး | ၂၆. ၁၉% | ၂၅. ၂၅% |
| ၆။ အစုရှင်များ၏ခံစားခွင့်အချိုး | ၂. ၃၃ း ၁ | ၂. ၃၇ း ၁ |

| | | |
|---|---|---|
| ၇။ စုစုပေါင်းရပိုင်ခွင့်ပေါ်အမြတ်ပြန်ရနှုန်း | ၂. ၇၇% | ၂. ၄၉% |
| ၈။ Price Earning (PE)ratio | ၁၂. ၀၃ | ၁၀. ၆၉ |
| ၉။ Earning Per Share (ကျပ်) | ၂,၆၁၉. ၁၉ | ၂,၅၂၄. ၅၇ |
| ၁၀။ Value Per Share (ကျပ်) (Book Value)* | ၂၃,၂၈၉ | ၂၃,၇၃၂ |

**မှတ်ချက်**

*ဘဏ်ပိုင်မြေနှင့်အဆောက်အဦများကို မူလဝယ်ဈေးဖြင့်မတွက်ဘဲ ကာလပေါက်ဈေးဖြင့်တွက်ချက်ပါက အစုတစ်စု၏ အမှန်တကယ်တန်ဘိုး(Fair value)မှာ **ကျပ် ၃၄,၂၁၉** ရှိပါသည်။

## ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုခွဲဝေပေးခြင်း

(၂၇- ၈ -၂၀၁၇) နေ့တွင်ကျင်းပခဲ့သော (၂၆)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၏ ကြိုတင်ခွင့်ပြုချက်ဖြင့်လည်းကောင်း ၊(၂၈-၄-၂၀၁၈)နေ့တွင်ကျင်းပသည့်၄/၂၀၁၈ ဒါရိုက်တာအဖွဲ့၏အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့်လည်းကောင်း ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် အတွက်အမြတ်ဝေစုများကိုအစုရှင်များအား(၁-၆-၂၀၁၈)နေ့မှစ၍ ခွဲဝေထုတ်ပေးလျှက်ရှိပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ရရှိသည့် အသားတင်အမြတ်မှအမြတ်ဝေစုခွဲဝေပေးရန်လျာထားငွေ **ကျပ်၄,၃၂၇. ၅၈သန်း**မှာအစုတစ်စုလျှင်အမြတ်ဝေစု**ကျပ်၁၇၅၀. ၆၀**သာခွဲဝေနိုင်မည်ဖြစ်၍တစ်စုလျှင်အမြတ်ဝေစု **ကျပ်၂၀၀၀** ခွဲဝေပေးနိုင်ရန်မခွဲရသေးသည့်အမြတ်လက်ကျန်(Retained Profit) မှအစုတစ်စုလျှင်ကျပ်၂၄၉. ၄၀ဖြင့် အစုရှယ်ယာ(၂၄၇၂,၀၅၃)စုအတွက် **ကျပ်၆၁၆. ၅၃သန်း** စိုက်ပြီးခွဲဝေပေးခြင်းဖြစ်ပါသည်။

အစုရှင်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမြတ်ဝေစု **ကျပ် ၄,၉၄၄. ၁၁ သန်း** ခွဲဝေပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်လည်း **ကျပ်၄,၉၄၄. ၁၁သန်း** ခွဲဝေပေးခဲ့ပါသည်။ အစုရှယ်ယာ တစ်စုလျှင်ရရှိသည့် အမြတ်ဝေစုမှာ**ကျပ်၂၀၀၀**ဖြစ်၍ မူလရောင်းဈေး **ကျပ်၁၀,၀၀၀** ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ် ဝေစု**(၂၀%)**ရရှိပြီး **ကျပ်၂၅,၀၀၀**ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ် **(၈%)** နှင့် **ကျပ်၃၀,၀၀၀**ဖြင့် ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ် **(၆. ၆၇%)** ရရှိခဲ့ပါသည်။

၁၉၉၃-၁၉၉၄ဘဏ္ဍာရေးနှစ်မှ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ အမြတ်ဝေစု(၂၅)ကြိမ်ခွဲဝေပေးခဲ့ပြီး ခွဲဝေ ပေးခဲ့သည့် အမြတ်ဝေစု စုစုပေါင်းမှာ **ကျပ်၃၆,၉၆၅. ၀၅သန်း** ရှိပါသည်။ (၃၁-၃-၂၀၁၈)နေ့တွင် အစုရှယ်ယာများ ရောင်းရငွေ(Paid up Capital)မှာ **ကျပ်၂၄,၇၂၀. ၅၃ သန်း** ရှိ၍ ခွဲဝေပြီးသည့်အမြတ်ဝေစု စုစုပေါင်းမှာရှယ်ယာများ ရောင်းချရငွေထက် **ကျပ် ၁၂,၂၄၄. ၅၂သန်း** ပိုများပါသည်။

ပထမပုဂ္ဂလိကဘဏ်မှရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ(Listed Company)အဖြစ်မှတ်ပုံတင် ထားပြီးဖြစ်သဖြင့် Securities Account ဖွင့်လှစ်ထားသည့်အစုရှင်စာရင်းမှအမြတ်ဝေစုခွဲဝေပေးမည့်အစုရှယ်ယာများ ကို(၁၇-၂-၂၀၁၈)နေ့တွင်ကျင်းပသည့် ၂/၂၀၁၈ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၁၈ခုနှစ်မတ်လ(၃၀) ရက်(၃၀-၃-၂၀၁၈)နေ့အရောင်းအဝယ်ပိတ်သိမ်းချိန်တွင်ရှိ အစုရှယ်ယာပိုင်ဆိုင်ထားသူများကိုသာအမြတ်ဝေစုခွဲဝေ ပေးမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ပြီးရန်ကုန်စတော့အိပ်ချိန်းမှ Record date (၄-၄-၂၀၁၈)နေ့စွဲဖြင့်အတည်ပြုပေးပို့သည့် အစုရှင်များစာရင်းကိုအတည်ယူပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုများကိုခွဲဝေပေးခဲ့ပါသည်။

အစုရှင်များကို၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုများကို ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်နှင့်ဘဏ်ခွဲ များတွင်ဖွင့်လှစ်ထားသည့်အစုရှယ်ယာရှင်များ၏ငွေစာရင်းများသို့(၁-၆-၂၀၁၈)နေ့မှစ၍ထည့်သွင်းပေးမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိပ်ချိန်းYSX website နှင့်7Day daily သတင်းစာတို့မှကြေငြာခဲ့ပါသည်။(၃၀-၆-၂၀၁၈)နေ့ထိငွေစာရင်း မဖွင့်လှစ်ရသေးသူ**(၁,၀၅၀)ဦး** ရှိပြီး ထုတ်ပေးရန်ကျန်သည့်အမြတ်ဝေစုမှာ**ကျပ် ၆၁. ၉၃သန်း**ရှိပါသည်။

သို့ပါ၍အစုရှင်များမှအမြတ်ဝေစုများကိုအမြန်ဆုံး ထုတ်ယူနိုင်ရန်အတွက်ရုံးချုပ်နှင့်ဘဏ်ခွဲများတွင်ငွေစာရင်းများ လာရောက်ဖွင့်လှစ်ပေးကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

## နိုင်ငံတော်သို့ဝင်ငွေခွန်များထမ်းဆောင်ခြင်း

နိုင်ငံတော်သို့ဝင်ငွေခွန်များကိုနှစ်စဉ်တိတိကျကျမှန်မှန်ကန်ကန်ပေးဆောင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်အခွန်မနှုတ်မီအသားတင်အမြတ်မှာ**ကျပ်၇,၈၀၁. ၀၉သန်း**ရရှိခဲ့ပါသည်။စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ်၇၆/၂၀၁၇အရရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများကို**ဝင်ငွေခွန်၂၀%**သာထမ်းဆောင်ခွင့်ပြုသဖြင့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်နိုင်ငံတော်သို့ဝင်ငွေခွန် **ကျပ်၁,၅၆၀. ၂၂သန်း**ထမ်းဆောင်ခဲ့ပါသည်။ ပထမပုဂ္ဂလိကဘဏ်သည်၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်မြန်မာတစ်နိုင်ငံလုံးတွင်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်**အဆင့်(၂၇)**ရှိပြီး၊ ဘဏ်များအနက်**အဆင့်( ၅ )**ရှိပါသည်။ ၁၉၉၂-၁၉၉၃ဘဏ္ဍာရေးနှစ်မှ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ထမ်းဆောင်ခဲ့သည့် ဝင်ငွေခွန်စုစုပေါင်းမှာ **ကျပ် ၁၉,၁၈၁သန်း** ဖြစ်ပါသည်။

၁၉၉၂-၁၉၉၃မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အထိ ရရှိခဲ့သည့်အမြတ်များ၊ပေးဆောင်ခဲ့သည့်ဝင်ငွေခွန်များနှင့်ခွဲဝေပေးခဲ့သည့်အမြတ်ဝေစုများကိုဇယား( ၇ )တွင်ဖော်ပြထားပါသည်။

**ဇယား(-၇-)**

**အမြတ်၊အမြတ်ဝေစု နှင့်ဝင်ငွေခွန်ပေးဆောင်မှုနှိုင်းယှဉ်ချက်**

**(ကျပ် သန်း)**

| ဘဏ္ဍာရေးနှစ် | အမြတ်ငွေ | ဝင်ငွေခွန် | အမြတ်ဝေစု |
|---|---|---|---|
| ၁။ ၁၉၉၂-၁၉၉၃မှ၂၀၁၂-၂၀၁၃ | ၃၁၄,၀၁ | ၉,၁၂၆ | ၁၄,၃၄၇ |
| ၂။ ၂၀၁၃-၂၀၁၄ | ၈,၀၄၈ | ၂,၀၁၁ | ၄,၀၀၀ |
| ၃။ ၂၀၁၄-၂၀၁၅ | ၈,၇၆၂ | ၂,၁၈၉ | ၄,၄၁၀ |
| ၄။ ၂၀၁၅-၂၀၁၆ | ၈,၅၄၉ | ၂,၁၃၇ | ၄,၃၂၀ |
| ၅။ ၂၀၁၆-၂၀၁၇ | ၈,၆၃၃ | ၂,၁၅၈ | ၄,၉၄၄ |
| ၆။ ၂၀၁၇-၂၀၁၈ | ၇,၈၀၁ | ၁,၅၆၀ | ၄,၉၄၄ |
| **စုစုပေါင်း** | **၇၃,၁၉၄** | **၁၉,၁၈၁** | **၃၆,၉၆၅** |

## ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေများပိုမိုတိုးတက်ရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်အပ်ငွေပမာဏမှာ **ကျပ် ၁၆၅,၆၆၂. ၆၀သန်း** ဖြစ်ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၈၅,၁၅၇. ၇၈သန်း** ထိတိုးတက်ခဲ့သဖြင့်ဘဏ်အပ်ငွေစုစုပေါင်းမှာ**ကျပ်၁၉,၄၉၅. ၁၈သန်း (၁၁. ၇၇%)** တိုးတက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်ဘဏ်အပ်ငွေအတိုးစရိတ်မှာ**ကျပ် ၁၂,၈၇၈. ၁၀သန်း**ဖြစ်ပြီး၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၃,၈၄၃. ၁၀သန်း**ဖြစ်သဖြင့်**ကျပ်၉၆၅သန်း** ပိုပေးခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများအခြေအနေကို ဇယား(၈)တွင်ဖော်ပြထားပါသည်။

**ဇယား -၈-**

**စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများ**

**(ကျပ် သန်း)**

| စဉ် အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ စာရင်းရှင်အပ်ငွေ | ၁၃,၇၂၀. ၅၆ | ၁၂,၇၅၇. ၄၃ | - ၇. ၀၃ |
| ၂။ ငွေစုဘဏ်အပ်ငွေ | ၉၅,၁၄၅. ၁၇ | ၁၀၁,၀၆၉. ၄၅ | ၆. ၂၃ |
| ၃။ စာရင်းသေအပ်ငွေ | ၅၃,၅၃၃. ၁၈ | ၆၈,၅၂၆. ၆၄ | ၂၈. ၀၀ |
| ၄။ ခေါ်ယူအပ်နှံငွေ | ၃,၁၅၀. ၀၈ | ၂,၇၁၀. ၂၃ | - ၁၃. ၉၆ |
| ၅။ Mobile Money | ၁၁၂. ၆၁ | ၉၄. ၀၃ | - ၁၆. ၅၀ |
| **စုစုပေါင်း** | **၁၆၅,၆၆၂. ၆၀** | **၁၈၅,၁၅၇. ၇၈** | **၁၁. ၇၇** |

# ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ်ချေးငွေလုပ်ငန်းအခြေအနေ

## ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေများ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ **ကျပ်၁၅၇,၉၄၈. ၁၁ သန်း** ရှိပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်**ကျပ်၁၇၅,၆၀၁. ၉၂သန်း** ရှိ၍**ကျပ်၁၇,၆၅၃. ၈၁ သန်း (၁၁. ၁၈%)**တိုးခဲ့ပါသည်။အပ်ငွေများတိုးတက်လာသဖြင့်ချေးငွေများကိုလည်းပိုမိုတိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။ချေးငွေထုတ်ချေးထားသည့် အာမခံအမျိုးအစား၊ချေးငွေပမာဏနှင့်လူဦးရေကိုဇယား( ၉)တွင်ဖော်ပြပါသည်။

**ဇယား –၉–**

**အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ**

| အာမခံအမျိုးအစား | ၂၀၁၆–၂၀၁၇ ဦးရေ | ၂၀၁၆–၂၀၁၇ ကျပ်(သန်း) | ၂၀၁၇–၂၀၁၈ ဦးရေ | ၂၀၁၇–၂၀၁၈ ကျပ်(သန်း) |
|---|---|---|---|---|
| ၁။ မြေနှင့်အဆောက်အဦ | ၉၃၇ | ၁၅၇,၅၁၃. ၂၀ | ၉၉၄ | ၁၇၅,၄၉၀. ၄၃ |
| ၂။ စာရင်းသေအပ်ငွေ | ၂၇ | ၃၁. ၅၀ | ၄၁ | ၅၇. ၄၀ |
| ၃။ ရွှေနှင့်ကျောက်မျက်ရတနာ | ၆ | ၂၁. ၀၃ | ၁ | ၉. ၀၀ |
| ၄။ အငှားဝယ်စနစ် | ၂၂ | ၃၈၂. ၃၈ | ၁၂ | ၄၄. ၀၉ |
| **စုစုပေါင်း** | **၉၉၂** | **၁၅၇,၉၄၈. ၁၁** | **၁,၀၄၈** | **၁၇၅,၆၀၁. ၉၂** |

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်နှင့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်စီးပွားရေးကဏ္ဍအလိုက် ချေးငွေများကို ဇယား( ၁၀ )တွင်နှိုင်းယှဉ် ဖော်ပြထားပါသည်။

**ဇယား – ၁၀ –**

**စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးငွေများ**

**( ကျပ်သန်း)**

| | ၂၀၁၆–၂၀၁၇ | ၂၀၁၇–၂၀၁၈ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ စက်မှုချေးငွေ | ၅,၇၂၀. ၇၄ | ၄,၃၅၀. ၉၄ | -၂၃. ၉၈ |
| ၂။ ကုန်သွယ်မှု | ၈၆,၃၈၂. ၅၁ | ၉၀,၉၉၄. ၈၁ | ၅. ၃၄ |
| ၃။ ကုန်ထုတ်မှု | ၂၃,၅၆၀. ၁၅ | ၂၄,၁၇၇. ၉၇ | ၂. ၆၂ |
| ၄။ ဝန်ဆောင်မှု | ၄၁,၈၉၉. ၃၃ | ၅၆,၀၃၄. ၁၁ | ၃၃. ၇၄ |
| ၅။ အငှားဝယ်စနစ် | ၃၈၂. ၃၈ | ၄၄. ၀၉ | -၈၈. ၄၇ |
| **စုစုပေါင်း** | **၁၅၇,၉၄၈. ၁၁** | **၁၇၅,၆၀၁. ၉၂** | **၁၁. ၁၈** |

## ဘဏ်နှင့်ဆက်နွယ်သူများချေးငွေ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့တွင်ဘဏ်ဒါရိုက်တာများနှင့်ဆက်နွယ်သူ( Related person)များကိုထုတ်ချေးထားသည့်ချေးငွေမှာလူဦးရေ **(၁၀)ဦး**ရှိပြီး ချေးငွေပမာဏမှာ **ကျပ် ၁၂,၁၄၆. ၄၂သန်း** ရှိပါသည်။စုစုပေါင်းချေးငွေပမာဏမှာ **ကျပ်၁၇၅,၆၀၁. ၉၂ သန်း**ရှိသဖြင့်စုစုပေါင်းချေးငွေပမာဏ၏**(၆. ၉၂%)** ဖြစ်ပါသည်။

## ချေးငွေကြွေးကျန်များနှင့်ကြွေးဆုံးရန်ပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အရ စုစုပေါင်းချေးငွေပမာဏ၏(၂%)ကို ချေးငွေ ကြွေးဆုံးရန်ပုံငွေအဖြစ် နှစ်စဉ်လျာထားခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့ထိကြွေးဆုံးရန်ပုံငွေလျာထားငွေ စုစုပေါင်းမှာ**ကျပ်၃,၅၁၂. ၀၄သန်း**ရှိပါသည်။

ချေးငွေကြွေးကျန်မှာ(၃၁-၃-၂၀၁၈)နေ့တွင်လူဦးရေ(၅)ဦးရှိပါသည်။ရန်ကုန်မြို့(၂)ဦး၊အောင်လံမြို့(၂)ဦး၊ တောင်ကြီးမြို့(၁)ဦးတို့ဖြစ်ပါသည်။ချေးငွေကြွေးကျန်ပမာဏမှာ**ကျပ်၅,၉၈၄. ၄၇သန်း**ဖြစ်၍စုစုပေါင်းချေးငွေပမာဏ ၏**(၃. ၄၁%)**ဖြစ်ပါသည်။ချေးငွေကြွေးကျန်များကိုသက်ဆိုင်ရာတရားရုံးများတွင်တရားစွဲဆိုထားပြီးဖြစ်ပါသည်။

## နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

### နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ လိုင်စင်အမှတ် စီဘီအမ် အက်ဖ်အီးအမ်ဒီ ၈/၂၀၁၁(၂၄-၁၀-၂၀၁၁)နေ့စွဲဖြင့် နိုင်ငံခြားငွေ(Foreign-Currencies)များဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်(Money Changer Licence)ကို ရရှိခဲ့ပါသည်။နိုင်ငံခြားငွေလဲလှယ်ရောင်းချရေးကောင်တာ (Money Changer Counter)များကိုရန်ကုန် ရုံးချုပ်နှင့် ဘဏ်ခွဲ( ၂၁ )ခုတွင်ဖွင့်လှစ်ထားရှိပြီးနိုင်ငံခြားငွေအမေရိကန်ဒေါ်လာ( USD ) စင်ကာပူဒေါ်လာ(SGD) နှင့်ယူရို ( Euro ) ထိုင်းဘတ် (THB)မလေးရှားရင်းဂစ်(MYR) များကိုဝယ်ယူရောင်းချလဲလှယ်ပေးလျှက်ရှိပါသည်။

### နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့်လိုင်စင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှလိုင်စင်အမှတ်စီဘီအမ်-အက်ဖ်အီးအမ်ဒီ-၉၃/၂၀၁၂ နေ့စွဲ(၂၄-၈-၂၀၁၂) ဖြင့် နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့်လိုင်စင်(Authorized Dealer Licence)ကို ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စာအမှတ်-၂၄၅၅/ ၁၅၈၇-ကက /၂၀၁၂-၂၀၁၃ နေ့စွဲ(၂-၁၀-၂၀၁၂) ဖြင့်ဆောင်ရွက်ခွင့်ရရှိခဲ့၍ရန်ကုန်ရုံးချုပ်တွင် (၂-၁၀-၂၀၁၂)နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်း/အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### နိုင်ငံခြားဘဏ်လုပ်ငန်း/အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း

နိုင်ငံခြားဘဏ်လုပ်ငန်း/အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သဖြင့်ရုံးချုပ်တွင်(၂-၁၀-၂၀၁၂) နေ့မှစ၍နိုင်ငံခြားငွေဖြင့်စာရင်းရှင်စာရင်း (Foreign Currency Current Account)ဖွင့်လှစ်ပေးခြင်း၊ စာရင်းပြောင်းခြင်း (Account transfer)များဆောင်ရွက်ပေးလျှက်ရှိပါသည်။ နိုင်ငံခြားအဆက်အသွယ်ဘဏ်(Correspondence Bank)များ နှင့်ချိတ်ဆက်၍ ပို့ကုန်/သွင်းကုန်လုပ်ငန်း ငွေလွှဲစာတမ်း LC(Export&Import Letter of Credit) ၊ကြိုးမဲ့ကြေးနန်းဖြင့် ငွေလွှဲပေးပို့ခြင်းTT(Telegraphic Transfer)နှင့်နိုင်ငံခြားငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်း(Money Transfer service) စသည့် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

နိုင်ငံခြားအဆက်အသွယ်ဘဏ်များနှင့်ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းနှင့်ကုန်သွယ်လုပ်ငန်း အတွက် ငွေကြေးဝန်ဆောင်မှုပေးနိုင်ရန်နိုင်ငံခြားအဆက်အသွယ်ဘဏ်(Correspondence Banks)(၂၇)ဘဏ်နှင့် ချိတ်ဆက်၍ Singapore, Hongkong ,Thailand,China ,Korea,Malaysia,Taiwan, India,,Bangladesh, Japan စသည့်နိုင်ငံများနှင့်အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများကိုဆက်သွယ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

### Western Union နှင့်နိုင်ငံခြားငွေလွှဲလုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း

ပထမပုဂ္ဂလိကဘဏ်နှင့်အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်းများဆောင်ရွက်ရန် (၁၂-၁-၂၀၁၃)နေ့တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ **Western Union** နှင့် USA, UK,Canada, Australia, UAE, Japan, Singapore,Malaysia,Thailand,Korea နိုင်ငံများအပါအဝင် နိုင်ငံပေါင်း(၇၀)ကျော်မှမြန်မာနိုင်ငံသို့ တိုက်ရိုက်အချိန်တိုအတွင်း ငွေလွှဲလုပ်ငန်း(In bound Service) ကိုဆောင်ရွက်ပေးလျှက်ရှိပါသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၆-၁-၂၀၁၆)နေ့စွဲဖြင့် မြန်မာနိုင်ငံမှ ပြည်ပသို့နိုင်ငံခြား ငွေလွှဲလုပ်ငန်း(Outbound Service )ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့နိုင်ငံခြား ငွေလွှဲ ပေးပို့ခြင်းလုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်Western Union နိုင်ငံခြားငွေလွှဲ လုပ်ငန်းမှရရှိသည့်ဝင်ငွေမှာ**ကျပ် ၁၃၉. ၄၃သန်း** ရရှိခဲ့သဖြင့်၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ထက် **(၃၁. ၃၃%)** တိုးတက်ရရှိခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားဘဏ်လုပ်ငန်းမှဝင်ငွေမှာ **ကျပ် ၁, ၄၉၀. ၆၆သန်း** ရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်နိုင်ငံခြားဘဏ်လုပ်ငန်း မှရရှိသည့်ဝင်ငွေမှာ**ကျပ်၆၅၀. ၆၇သန်း** သာရရှိခဲ့သဖြင့် **ကျပ်၈၃၉. ၉၉သန်း** လျော့နည်းခဲ့ပါသည်။နိုင်ငံခြားဘဏ်လုပ်ငန်းမှဝင်ငွေလျော့နည်းရခြင်းမှာနိုင်ငံခြားငွေလဲလှယ် နှုန်းများအထိုက်အလျောက်တည်ငြိမ်လာသဖြင့်နိုင်ငံခြားငွေရောင်းဝယ်သည့်တန်ဖိုးခြားနားချက်ကွာဟမှုနှုန်းကျဉ်းမြောင်းလာခြင်း၊ မော်တော်ယဉ်တင်သွင်းခွင့်လိုင်စင်ဥပဒေအပြောင်းအလဲကြောင့်မော်တော်ယဉ်တင်သွင်းသူနည်းပါးခြင်းနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအရ ပြည်ပထုတ်ကုန်-သွင်းကုန်လုပ်ငန်းလျော့ကျခြင်းတို့ကြောင့်ဖြစ်ပါသည်။၂၀၁၆-၂၀၁၇နှစ်နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်နိုင်ငံခြားဘဏ်လုပ်ငန်းမှဝင်ငွေများနှိုင်းယှဉ်ချက်ကိုဇယား( ၁၁ )တွင်ဖော်ပြထားပါသည်။

**ဇယား(-၁၁-)**

**နိုင်ငံခြားဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေများအခြေအနေ**

**(ကျပ် သန်း)**

| **ဝင်ငွေ** | **၂၀၁၆-၂၀၁၇** | **၂၀၁၇-၂၀၁၈** | **ရာနိုင်နှုန်း** |
|---|---|---|---|
| ၁။နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်း | ၁၉၃. ၁၆ | ၁၂၉. ၆၈ | -၃၂. ၇၈ |
| ၂။Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်း | ၁၀၆. ၁၇ | ၁၃၉. ၄၃ | ၃၁. ၃၃ |
| ၃။နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း | ၂၃. ၈၄ | ၂၈. ၄၁ | ၁၉. ၁၇ |
| ၄။စာရင်းပြောင်းရောင်းရငွေ | ၁, ၁၆၇. ၄၉ | ၃၅၃. ၁၅ | -၆၉. ၇၅ |
| **စုစုပေါင်းဝင်ငွေ** | **၁, ၄၉၀. ၆၆** | **၆၅၀. ၆၇** | **-၅၆. ၃၅** |

## "Mykyat" မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စာအမှတ်မဗဘ/ဘဏ်စိစစ်/ ဝန်ဆောင်မှု(၅၃/၂၀၁၄)(၁၀-၆-၂၀၁၄)နေ့စွဲဖြင့် မိုဘိုင်းဘဏ်လုပ်ငန်း(Mobile Banking)ကိုဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်းမှာ မိုဘိုင်းတယ်လီဖုန်းများဖြင့်မိုဘိုင်းကွန်ယက်ကိုအသုံးပြု၍ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပထမပုဂ္ဂလိကဘဏ်နှင့်Frontier Technology Partners Company Ltd., (FTP) တို့ပူးပေါင်းပြီး ဂျာမဏီနည်းပညာကုမ္ပဏီ( SAP Application Platform )ကို အသုံးပြု၍ **"Mykyat"** အမည်ဖြင့်ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

(၇-၅-၂၀၁၅)နေ့မှစ၍ **"Mykyat"** မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကို မည်သည့်တယ်လီဖုန်းအမျိုးအစားဖြင့်မဆို **Mykyat** Applicationကို Internet မှdown load ရယူနိုင်ပါသည်။ မိုဘိုင်းဘဏ်စာရင်း(Mobile banking Account)ဖွင့်လှစ်ပြီး**Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းများကိုဆောင်ရွက်နိုင်ပါသည်။**Mykyat** ဖြင့်ငွေသွင်းခြင်း-ငွေထုတ်ခြင်း(Cash in-Cash out) ငွေလွှဲပေးပို့ခြင်း (Send Money) ငွေတောင်းခံခြင်း(Request Money) လျှပ်စစ်မီတာဘီလ်နှင့်စည်ပင်သာယာဘီလ်များပေးဆောင်ခြင်း(Bill Payment) တယ်လီဖုန်းငွေဖြည့်ခြင်း (E-load Top up)ကြိုးဖုန်းဘေလ်ပေးသွင်းခြင်း၊တယ်လီဖုန်းငွေဖြည့်ကဒ်ဝယ်ယူခြင်း Internet Gamesများဝယ်ယူခြင်း၊အဝေးပြေးမော်တော်ကားလက်မှတ်များဝယ်ယူခြင်း၊ပြည်တွင်း-ပြည်ပလေယာဉ်လက်မှတ်များဝယ်ယူခြင်း၊Online shopping ငွေပေးချေခြင်း၊ Hotel များငှားရမ်းခြင်း**Mykyat**နှင့်ချိတ်ဆက်ထားသည့်စျေးဆိုင်များတွင်စျေးဝယ်ယူခြင်း၊ စားသောက်ဆိုင်များတွင်ငွေပေးချေခြင်းတို့အား**Mykyat** Mobile Payment ကိုအသုံးပြု၍ ပေးချေနိုင်ပါသည်။

**Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းကို ပထမပုဂ္ဂလိကဘဏ်ခွဲများနှင့်ဘဏ်မှခန့်အပ်ထားသည့် ကိုယ်စားလှယ်(Agent)များမှတစ်ဆင့်ဆောင်ရွက်လျှက်ရှိရာ ၂၀၁၈ဇွန်လကုန် အထိ မြန်မာ့စာတိုက်လုပ်ငန်းမှစာတိုက်များအပါအဝင်ကိုယ်စားလှယ်(Agent) **(၈၇၉)ဦး**ရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့၊ ပခုက္ကူမြို့၊ ပြည်မြို့၊ ကျောက်ပန်းတောင်းမြို့၊ အောင်ပန်းမြို့၊ မော်လမြိုင်မြို့၊တောင်ကြီးမြို့၊ လွိုင်ကော်မြို့၊ဘားအံမြို့၊မြင်းခြံမြို့၊ကသာမြို့၊ကောလင်းမြို့၊တွံတေး၊ပဲခူးမြို့အပါအဝင်ပြည်နယ်နှင့် တိုင်းမြို့ကြီး**(၅၀၀)ကျော်** တို့တွင်ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။**Mykyat** Mobile Paymentကိုသုံးစွဲသူပေါင်း**(၆၂, ၉၈၈)ဦး**ရှိပြီး၊ စီးပွားရေးလုပ်ငန်းရှင်(၅၁)ဦးနှင့်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ လျှပ်စစ်မီတာဘီလ်စည်ပင်သာယာဘီလ်များပေးဆောင်ခြင်းကိုရန်ကုန်တိုင်းတွင်မြို့နယ်(၃၃)ခု၊MPT တယ်လီဖုန်းဘီလ်ပေးချေခြင်းကိုရန်ကုန်တိုင်းတွင်မြို့နယ်ပေါင်း (၃၃)ခုတို့တွင် ဆောင်ရွက်ပေးလျှက်ရှိပါသည်။ **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်**ကျပ်၃၆. ၇၉သိန်း**ရရှိခဲ့ပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် **ကျပ်၅၅. ၂၅သိန်း** ရရှိခဲ့သဖြင့် **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းမှာတိုးတက်ခဲ့ပါသည်။

## မြန်မာ့စာတိုက်လုပ်ငန်းနှင့် Mykyatမိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုပူးပေါင်းဆောင်ရွက်ခြင်း

ပထမပုဂ္ဂလိကဘဏ်၏ **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ပူးပေါင်း၍ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကိုတိုးချဲ့လုပ်ဆောင်ရန် မြန်မာ့စာတိုက်လုပ်ငန်းနှင့်(၁-၆-၂၀၁၇)နေ့ကစာချုပ်ချုပ်ဆိုခဲ့ပါသည်။မြန်မာ့စာတိုက်လုပ်ငန်းမှနေပြည်တော်အပါအဝင်တိုင်းနှင့်ပြည်နယ်(၁၅)ခုရှိမြို့နယ်စာတိုက်ပေါင်း(၇၀၈)ခုတွင်

**Mykyat** မိုဘိုင်းဘဏ်ဝန်ဆောင်မှုပေးနိုင်ရန်အတွက်သင်တန်းများပေးပြီးအကောင်အထည်ဖော်လျှက်ရှိပါသည်။

ရန်ကုန်တိုင်းတွင်(၈၆)ခု၊မန္တလေးတိုင်းတွင်(၇၂)ခု၊ပဲခူးတိုင်းတွင်(၄၉)ခု၊ဧရာဝတီတိုင်းတွင်(၆၂)ခု၊မကွေးတိုင်းတွင်(၇၀)ခု၊ ရခိုင်ပြည်နယ်တွင်(၂၉)ခု၊မွန်ပြည်နယ်တွင်(၄၁)ခု၊ကရင်ပြည်နယ်တွင်(၁၆)ခု၊တနင်္သာရီတိုင်းတွင်(၂၉)ခု၊ချင်းပြည်နယ်တွင်(၁၅)ခု၊ ကယားပြည်နယ်တွင်(၁၅)ခု၊ကချင်ပြည်နယ်တွင်(၁၄)ခု၊စစ်ကိုင်းတိုင်းတွင်(၇၀)ခု ၊ရှမ်းပြည်နယ်တွင်(၈၀)ခုဖြင့်မြို့နယ် **စာတိုက်ပေါင်း(၆၄၈)ခု**တို့တွင်**Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။မကြာမီမြို့နယ် စာတိုက်ပေါင်း(၇၀၈)ခုတွင်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်ရှယ်ယာအရောင်းအဝယ်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့်(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးမှဒါရိုက်တာအဖွဲ့အား ရန်ကုန်စတော့အိပ်ချိန်းတွင်မှတ်ပုံတင်စာရင်းဝင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည့် အတွက်(၇-၁၂-၂၀၁၅)နေ့တွင်ကျင်းပသည့်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှရန်ကုန်စတော့အိပ်ချိန်း(YSX)တွင်စာရင်းဝင် ရန်ဆုံးဖြတ်ခဲ့ပြီး (၈-၁၂-၂၀၁၅)နေ့ကလျှောက်ထားဝင်ရောက်ခဲ့ပါသည်။ရန်ကုန်စတော့အိပ်ချိန်းတွင် (၂၀-၁-၂၀၁၇)နေ့ မှစပြီးဘဏ်အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။

ရန်ကုန်စတော့အိပ်ချိန်း (YSX)တွင် အရောင်းအဝယ်ပြုလုပ်ခဲ့သည့်(၂၀-၁-၂၀၁၇)နေ့တွင်ရှယ်ယာတစ်စုလျှင် ကျပ်၃၄, ၀၀၀ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အစုရှယ်ယာရှင်အချို့မှာ မူလဝယ်ယူထားသည့်ရှယ်ယာဈေးနှုန်း ထက်အမြတ်ပိုရရှိနေသည့်အတွက် အစုရှယ်ယာများကိုထုတ်ရောင်းကြရာ ရောင်းသူများပြီးဝယ်သူနည်းခြင်းနှင့်ရရာဈေး (Market price)ဖြင့်ရောင်းချခြင်းတို့ကြောင့် ဈေးကွက်၏သဘောတရားအရ အစုရှယ်ယာဈေးနှုန်းမှာ တဖြည်းဖြည်း ကျဆင်းခဲ့ရပါသည်။ (၃၀-၆-၂၀၁၈)နေ့ ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်ရှယ်ယာတစ်စုလျှင်**ကျပ်၂၃, ၀၀၀**ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ အစုတစ်စု၏အမှန်တကယ်တန်ဘိုး(Fair value)မှာဘဏ်ပိုင်အဆောက်အဦများကို ကာလ တန်ဘိုးဖြင့် ဈေးသင့်ပါက တစ်စု၏တန်ဘိုးမှာ **ကျပ် ၃၄, ၂၁၉** ရှိသဖြင့် ရရာဈေး(Market price)ဖြင့်ရောင်းချခြင်းသည် အစုရှင်အများစုကိုထိခိုက်စေပါသည်။

ရန်ကုန်စတော့အိပ်ချိန်း တွင်ဘဏ်အစုရှယ်ယာများစတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့်(၂၀-၁-၂၀၁၇)နေ့ မှ(၃၀-၆-၂၀၁၈)နေ့အထိအရောင်းအဝယ်ဖြစ်သည့်ပမာဏ(Trade Volume) မှာအစုရှယ်ယာ**(၂၉၅, ၈၉၆)စု** ရှိပြီး ငွေပမာဏ**ကျပ် ၈, ၁၂၄. ၁၉သန်း** ဖြစ်ပါသည်။

## Core Banking ဆောင်ရွက်နေမှုအခြေအနေ

ဘဏ်လုပ်ငန်းကိုကမ္ဘာ့အဆင့်မီကွန်ပျူတာနည်းပညာများကိုအသုံးပြုပြီး ခေတ်မီဘဏ်ဝန်ဆောင်မှုများ Digital Bankingသို့ကူးပြောင်းနိုင်ရန် Core Banking Solution ကို ယူကေနိုင်ငံ၊လန်ဒန်မြို့ အခြေစိုက်ငွေရေးကြေးရေးဆိုင်ရာ နည်းပညာကုမ္ပဏီဖြစ်သော Finastra Financial Software (MISYS)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါ သည်။MISYSနည်းပညာကုမ္ပဏီနှင့်(၂၈-၂-၂၀၁၇)နေ့က Licence Agreement စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် Service Agreementကို(၁၅-၅-၂၀၁၇)နေ့ တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

Finastra Financial Software(MISYS)မှ(၁၅-၆-၂၀၁၇)နေ့မှစပြီး Core Banking Systemကိုစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်သင်တန်းများပေးလျှက်ရှိပါသည်။(၁၀-၇-၂၀၁၇)မှ(၂၉-၇-၂၀၁၇)နေ့အထိ Product Familiarization/Business Process Alignment Workshop Plan သင်တန်းများကိုပေးခဲ့ပါသည်။Software Version အသစ်(5.3.1) ကိုပြောင်းလဲအသုံးပြုရန်လိုအပ်လာသဖြင့် သင်တန်းများဆက်လက်ပို့ချပေးရန်ရှိပါသည်။ ဘဏ်ရုံးချုပ်နှင့်ရန်ကုန်၊မန္တလေးမှဘဏ်ခွဲများအပါအဝင်စုစုပေါင်း(၁၂)ဘဏ်တွင် ပင်မဘဏ်လုပ်ငန်းစနစ်သစ်(Core Banking System)အား၂၀၁၈ခုနှစ်နိုဝင်ဘာလကုန်တွင်စတင်သုံးစွဲနိုင်ရန်အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါ ပါသည်။လက်ရှိအချိန်တွင် ပင်မဘဏ်လုပ်ငန်းစနစ်သစ်အား စမ်းသပ်စစ်ဆေးအကဲဖြတ်ခြင်း၊ ၎င်းစနစ်သစ်သုံးစွဲမည့် ဘဏ်ဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးခြင်းတို့ကိုဆက်တိုက်ဆောင်ရွက်လျှက်ရှိပါသည်။

## အစိုးရငွေတိုက်စာချုပ်များဝယ်ယူခြင်း

ဘဏ်အပ်ငွေအတိုးစရိတ်များအထိုက်အလျောက်ကာမိစေရန်နှင့်အတိုးဝင်ငွေများရရှိစေရန်အတွက်ဘဏ်မှ အစိုးရငွေတိုက်စာချုပ်များဝယ်ယူရင်းနှီးထားပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့အထိဘဏ်မှ ဝယ်ယူထားသည့်အစိုးရငွေတိုက်စာချုပ်စုစုပေါင်းငွေပမာဏမှာ **ကျပ်၂၃, ၀၀၀သန်း** ဖြစ်ပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်အစိုးရငွေတိုက်စာချုပ်မှရရှိသောအတိုးဝင်ငွေမှာ**ကျပ်၂, ၁၈၉. ၅၁သန်း** ဖြစ်ပြီးစုစုပေါင်းအတိုးဝင်ငွေ၏ **(၁၀. ၄၀%)**ဖြစ်ပါသည်။

## မြန်မာပေးမန့်ယူနီယံ(MPU)ရှယ်ယာဝယ်ယူခြင်း

ပထမပုဂ္ဂလိကဘဏ် ၆/၂၀၁၅ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ငွေပေးချေမှုစနစ်ကိုအဆင့်မြင့်တင်နိုင်ရန်နှင့် ဘဏ်ဖောက်သည်များကို Card Business ဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာပေးမန့်ယူနီယံကုမ္ပဏီ(Myanmar Payment Union (MPU)တွင်အစုရှယ်ယာတစ်စုလျှင်ကျပ်၁၀,၀၀၀ဖြင့်အစုရှယ်ယာ**(၂၀,၀၀၀)စု**တန်ဖိုးငွေ**ကျပ်သန်း(၂၀၀)**ဖိုးဝယ်ယူရန်ဆုံးဖြတ်၍ (၂၃-၉-၂၀၁၅)နေ့ကဝယ်ယူခဲ့ပြီး(MPU)အဖွဲ့ဝင်ဖြစ်လာပါသည်။ဘဏ်မှ MPU နှင့်ချိတ်ဆက်ပြီး Credit Card /Debit Card များအသုံးပြု၍ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်မည်ဖြစ်ပါသည်။

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူထားခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၈)နေ့အထိဘဏ်မှဝယ်ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက်အဦမှာ(၄၁)ခုရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူထားသည့် မူလတန်ဖိုးနှင့်အဆောက်အဦများပြုပြင်ဆောက်လုပ်၊ မွမ်းမံစရိတ်အပါအဝင်စုစုပေါင်းတန်ဖိုးမှာ **ကျပ်၈,၁၇၉. ၆၄သန်း** ရှိပါသည်။ ၂၀၁၈ခုနှစ်ဇွန်လတွင် ဘဏ်ရာဖြတ်များမှ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိကာလတန်ဖိုးများကို တွက်ချက်ကြည့်ရာခန့်မှန်းတန်ဖိုး **ကျပ် ၃၄,၃၃၀. ၅၀သန်း** ရှိပါသည်။ ဘဏ်မှဝယ်ယူထားသည့် မြေနှင့်အဆောက်အဦးများ၏ မူလတန်ဖိုးနှင့် အဆောက်အဦဆောက်လုပ်ပြုပြင်စရိတ်များအပါအဝင်စုစုပေါင်းတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုးများကိုနှိုင်းယှဉ်ပါက မူလဝယ်ယူထားသည့် တန်ဖိုးထက်**ကျပ်၂၅,၉၂၅. ၉၆သန်း** ခန့်ပိုများပါသည်။

### မြေကွက်ထပ်မံဝယ်ယူထားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာခရိုင်၊ဘုတလင်မြို့၊မြဝတီရပ်အကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် အက်(ဖ်)-၂၀၄၊ ဧရိယာ(၀. ၁၁၉)ရှိ(၂၅-၉-၁၉၉၈)နေ့မှ(၂၄-၉-၂၀၂၈)နေ့ထိနှစ်(၃၀)ဂရန်မြေကိုတန်ဖိုးငွေ **ကျပ်သိန်း၁,၆၀၀** ဖြင့်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

## ဘဏ်ခွဲများဖွင့်လှစ်ပြီးသည့်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်ကို(၆-၁၀-၁၉၉၂)တွင်စတင်ဖွင့်လှစ်ခဲ့ပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၁၈)နေ့အထိရန်ကုန်ရုံးချုပ်နှင့်နေပြည်တော်ရုံးချုပ်အပါအဝင်ဘဏ်ခွဲ(၃၄)ဘဏ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဘဏ်ဒါရိုက်တာအဖွဲ့မှချမှတ်ထားသောမူနှင့်အညီပြည်နယ်နှင့်တိုင်းများတွင်အနည်းဆုံးဘဏ်ခွဲတစ်ခုဖွင့်လှစ်နိုင်ရန်စီစဉ်ခဲ့ရာ ရန်ကုန်တိုင်းတွင်ဘဏ်ခွဲ(၇)ခု၊မန္တလေးတိုင်းတွင်(၃)ခု၊မကွေးတိုင်းတွင်(၆)ခု၊စစ်ကိုင်းတိုင်းတွင်(၄)ခု၊တနင်္သာရီတိုင်းတွင်(၃)ခု ဧရာဝတီတိုင်းတွင်(၂)ခု၊ပဲခူးတိုင်းတွင်(၁)ခု၊ရှမ်းပြည်နယ်တွင်(၂)ခု၊ကယားပြည်နယ်တွင်(၁)ခု၊ ကရင်ပြည်နယ်တွင်(၁)ခု၊ မွန်ပြည်နယ်တွင်(၁)ခု၊ကချင်ပြည်နယ်တွင်(၁)ခု၊ချင်းပြည်နယ်တွင်(၁)ခု၊နေပြည်တော်တွင်(၁)ခု စုစုပေါင်းဘဏ်ခွဲ(၃၄)ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင်ဘဏ်ခွဲဖွင့်လှစ်ရန်ကျန်ရှိနေသေးသော်လည်းသင့်တော်သောမြေကွက်မရရှိသေးသဖြင့်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။

## ဘဏ်ခွဲအသစ်များဖွင့်လှစ်ရန်စီစဉ်ထားခြင်း

**ဧရာဝတီတိုင်းဒေသကြီး၊မအူပင်မြို့**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊မအူပင်မြို့၊အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် (၇ အမ်-၁)အလယ်ပိုင်း ရပ်ကွက်၊ဦးပိုင်အမှတ်(၂၉)တွင်မအူပင်ဘဏ်ခွဲဖွင့်လှစ်နိုင်ရန်အဆောက်အဦအသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။

**ကရင်ပြည်နယ်၊မြဝတီမြို့**

ကရင်ပြည်နယ်၊မြဝတီမြို့၊အမှတ်(၄) ရပ်ကွက်၊ရွှေမင်းဝန်တောင်ရပ်၊ဘုရင့်နောင်လမ်း၊သောင်ရင်းခန်းမအနီး အမှတ်(၇)တွင်မြဝတီဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အဆောက်အဦကိုပြင်ဆင်ပြီးစီးပြီဖြစ်ပါသည်။

**မကွေးတိုင်းဒေသကြီး၊မြိုင်မြို့**

မကွေးတိုင်းဒေသကြီး ၊မြိုင်မြို့၊အမှတ်(၂)ရပ်ကွက်၊၁၇ပင်စိမ်းခင်း-၁လမ်း၊ဦးပိုင်အမှတ်(၂/၆၇)မြေပေါ်တွင် မြိုင်ဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အဆောက်အဦအသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုမြို့**

စစ်တိုင်းဒေသကြီး ၊ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက်၊ပျဉ်စျေးတောင်ပိုင်း၊အကွက်အမှတ်(၂)ဦးပိုင်အမှတ်(၁၂၉) ဘိုးဘွားပိုင်မြေပေါ်တွင်ရွှေဘိုဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အဆောက်အဦအသစ်ဆောက်လုပ်လျှက်ရှိရာအကြမ်းထည်လုပ်ငန်း ပြီးစီးပြီဖြစ်ပါသည်။

**ချင်းပြည်နယ်၊မင်းတပ်မြို့**

ချင်းပြည်နယ်၊မင်းတပ်မြို့၊အနောက်ရပ်ကွက်၊မင်းတပ်-မတူပီလမ်းမကြီးအကွက်အမှတ်(၁)ဦးပိုင်အမှတ်(၁၈၉) ဂရန်မြေပေါ်တွင်မင်းတပ်ဘဏ်ခွဲဖွင့်လှစ်နိုင်ရန်အဆောက်အဦဆောက်လုပ်ရန်စီစဉ်ထားရှိပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ

ပထမပုဂ္ဂလိကဘဏ်၏သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၁)အရ ဒါရိုက်တာအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင်(၁၅)ဦးထက် မနည်း (၂၁)ဦးထက်မများစေရ ဟုသတ်မှတ်ထားသဖြင့် လက်ရှိ ဒါရိုက်တာအဖွဲ့ကိုဒါရိုက်တာအဖွဲ့ဝင်(၁၅)ဦးနှင့် သီးခြား လွတ်လပ်သည့်ဒါရိုက်တာ(၂)ဦးတို့ဖြင့်ဖွဲ့စည်းထားပါသည်။

၂၀၁၇ခုနှစ်ဩဂုတ်လ(၂၇)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် (၂၆) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်း အဝေးတွင် အလှည့်ကျဒါရိုက်တာ(၆)ဦး နှုတ်ထွက်ခဲ့ပါသည်။နှုတ်ထွက်သည့်ဒါရိုက်တာ(၆)ဦးမှ (၆)ဦး ပြန်လည်အရွေး ခံခဲ့ပါသည်။(၂၆) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်ပြန်လည်အရွေးခံရသည့်ဒါရိုက်တာ(၆)ဦးမှာ (၁)ဒေါ်လှလှရီ(၂)ဦးကောင်း(၃)ဦးမျိုးထွန်း(၄)ဒေါ်လှလှဝင်း(၅)ဒေါက်တာတင်ကြည်(၆)ဦးဖြိုးလှဝေတို့ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ကို (၁)ဒေါက်တာစိန်မောင် (၂)ဒေါ်လှလှဝင်း (၃)ဦးမြင့်ဇော် (၄)ဒေါက်တာအောင်မင်း(၅) ဒေါက်တာ တင်သိန်း (၆)ဒေါက်တာတင်ကြည် (၇)ဦးမျိုးထွန်း (၈)ဦးကောင်း (၉)ဦးဟန်မြင့် (၁၀)ဦးဖြိုးလှဝေ (၁၁)ဒေါ်လှလှရီ (၁၂)ဦးမြင့်လွင် (၁၃)ဦးထွန်းဆိုင် (၁၄)ဦးနေလင်းဦး (၁၅)ဦးထင်အောင်ကျော်ဦး (၁၆)ဒေါက်တာတင်ဝင်း (သီးခြား လွတ်လပ်သည့်ဒါရိုက်တာ) (၁၇)ဦးကပ်ခင်းပေါင်(သီးခြားလွတ်လပ်သည့်ဒါရိုက်တာ)တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ဒေါက်တာတင်ဝင်း (သီးခြားလွတ်လပ်သည့်ဒါရိုက်တာ) မှာ(၂၆-၈-၂၀၁၇)နေ့ကနှုတ်ထွက်ခဲ့ပါသည်။

(၂၀-၁၁-၂၀၁၆)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၁၇ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဒေါက်တာစိန်မောင်အားတင်မြှောက်ခဲ့ပြီး၊ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးအဖြစ်ဒေါ်လှလှဝင်းနှင့် တွဲဘက် အတွင်းရေးမှူးအဖြစ် ဦးမြင့်ဇော်တို့အား တာဝန်ပေးအပ်ကြပါသည်။ဒါရိုက်တာအဖွဲ့ဝင်များအားလုံးပါဝင်သောချေးငွေ ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်းဒါရိုက်တာအဖွဲ့ ပုံမှန်လပတ်အစည်းအဝေး (၁၂)ကြိမ်၊အထူးအစည်းအဝေး(၁)ကြိမ်နှင့် ဒါရိုက်တာအဖွဲ့ ချေးငွေကော်မတီအစည်းအဝေး( ၄၆ )ကြိမ်ကျင်းပခဲ့ပါသည်။

## ကော်မတီများဖွဲ့စည်းထားရှိခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအရ ဒါရိုက်တာအဖွဲ့ဝင်များနှင့်အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများပါဝင်သောအောက်ပါကော်မတီများကိုဖွဲ့စည်းထားပါသည်။

**ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ** (Risk Management Committee)

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီကိုဥက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အထွေထွေမန်နေဂျာ(စာရင်းဌာန)၊အထွေထွေမန်နေဂျာ(ချေးငွေဌာန)အထွေထွေမန်နေဂျာ(ငွေကြေးဌာန)အထွေထွေမန်နေဂျာ(နိုင်ငံခြားဘဏ်လုပ်ငန်းဌာန)အထွေထွေမန်နေဂျာ(မိုဘိုင်းဘဏ်လုပ်ငန်းဌာန)တို့ဖြင့်ဖွဲ့စည်းထားပါသည်။

**ချေးငွေကော်မတီ** (Credit Committee)

ဒါရိုက်တာအဖွဲ့ ၁/၂၀၁၇အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာများအားလုံးပါဝင်သော ချေးငွေကော်မတီကိုဖွဲ့စည်းထားပါသည်။

**လစာချီးမြှင့်ရေးကော်မတီ** (Remuneration Committee)

လစာချီးမြှင့်ရေးကော်မတီကိုဒါရိုက်တာများဖြစ်ကြသော (၁)ဦးထွန်းဆိုင်၊(၂)ဒေါ်လှလှဝင်း(၃)ဦးကောင်း(၄)ဦးမျိုးထွန်း(၅)ဦးမြင့်လွင်(၆)ဒေါ်လှလှရီ(၇)ဒေါက်တာတင်ကြည်တို့ဖြင့်ဖွဲ့စည်းထားပါသည်။

**အစုရှင်များစာရင်းစစ်ကော်မတီ** (Shareholders Audit Committee)

(၂၇-၈-၂၀၁၇)နေ့တွင်ကျင်းပသည့်(၂၆)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ အစုရှင်များစာရင်းစစ်ကော်မတီကို (၁)ဒေါ်လှမြင့်(၂)ဒေါ်ခင်ဌေးယု(၃)ဒေါ်ခင်သီတာတို့ဖြင့်ရွေးချယ်ဖွဲ့စည်းထားပါသည်။

**ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များဆိုင်ရာကော်မတီ** (Asset and Liability Committee)

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များဆိုင်ရာကော်မတီကိုအမှုဆောင်အရာရှိချုပ်၊အထွေထွေမန်နေဂျာ(စာရင်းဌာန)၊အထွေထွေမန်နေဂျာ(ချေးငွေဌာန)အထွေထွေမန်နေဂျာ(ငွေကြေးဌာန)အထွေထွေမန်နေဂျာ(နိုင်ငံခြားဘဏ်လုပ်ငန်းဌာန)အထွေထွေမန်နေဂျာ(မိုဘိုင်းဘဏ်လုပ်ငန်းဌာန)တို့ဖြင့်ဖွဲ့စည်းထားပါသည်။

**နည်းဥပဒေလိုက်နာမှုဆိုင်ရာကော်မတီ** (Compliance Committee)

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ နည်းဥပဒေလိုက်နာမှုဆိုင်ရာကော်မတီကိုအမှုဆောင်အရာရှိချုပ်၊အထွေထွေမန်နေဂျာ(စာရင်းဌာန)၊အထွေထွေမန်နေဂျာ(ချေးငွေဌာန)အထွေထွေမန်နေဂျာ(ငွေကြေးဌာန)အထွေထွေမန်နေဂျာ(နိုင်ငံခြားဘဏ်လုပ်ငန်းဌာန)အထွေထွေမန်နေဂျာ(မိုဘိုင်းဘဏ်လုပ်ငန်းဌာန)နှင့်ဘဏ်ခွဲတာဝန်ခံမန်နေဂျာများဖြင့်ဖွဲ့စည်းထားပါသည်။

## အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများနှင့်ဝန်ထမ်းများ

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကုန်တွင်ရုံးချုပ်အပါအဝင်ဘဏ်ခွဲ(၃၄)ဘဏ်ရှိပြီး ဝန်ထမ်းဦးရေ(၆၃၅)ဦးရှိပါသည်။ ဒုတိယမန်နေဂျာနှင့်အထက်အရာထမ်းဝန်ထမ်း(၁၇၀)ဦး၊ရုံးရုံးဝန်ထမ်း(၃၁၀)ဦးနှင့်အခြားဝန်ထမ်း(၁၅၅)ဦးဖြစ်ပါသည်။ ဝန်ထမ်းများ၏လစာနှင့်ခံစားခွင့်များစုစုပေါင်းမှာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁,၅၂၀. ၃၉သန်း**ရှိပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်**ကျပ်၁,၈၀၉. ၃၁သန်း**ဖြစ်သဖြင့်**ကျပ် ၂၈၈. ၉၂သန်း**ပိုမိုသုံးစွဲခဲ့ပါသည်။ဝန်ထမ်းများ၏လစာနှင့်ခံစားခွင့်များအသုံးစရိတ်မှာစုစုပေါင်းအသုံးစရိတ်၏ **(၆၇. ၂၃%)** ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်အကြီးတန်းစီမံခန့်ခွဲသူအထွေထွေမန်နေဂျာ(၅)ဦး၏လစာနှင့်ခံစားခွင့်များစုစုပေါင်းကုန်ကျစရိတ်မှာ**ကျပ်၆၅. ၀၀သန်း**ဖြစ်ပါသည်။

**ဝန်ထမ်းများဆုကြေးပေးအပ်ခြင်း**

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ရုံးချုပ်အပါအဝင်ဘဏ်ခွဲ(၃၄)ဘဏ်မှဝန်ထမ်းဦးရေစုစုပေါင်း(၆၃၁)ဦးကို ဆုကြေးငွေ(Bonus)စုစုပေါင်း **ကျပ် ၁၈၇. ၅၆သန်း** ပေးအပ်ခဲ့ပါသည်။

**ဝန်ထမ်းများသက်သာချောင်ချိရေးအတွက်ပံ့ပိုးပေးခြင်း**

ဝန်ထမ်းများကိုလိုအပ်သလိုပံ့ပိုးပေးနိုင်ရန်အတွက်ဝန်ထမ်းသက်သာရန်ပုံငွေထားရှိပြီး ဝန်ထမ်းများကိုဆန်ဖိုးငွေအဖြစ်လစဉ်ထောက်ပံ့ပေးခဲ့ပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ဝန်ထမ်းများအတွက်ဝန်ထမ်းသက်သာရန်ပုံငွေမှာ ထောက်ပံ့ပေးငွေစုစုပေါင်းမှာ**ကျပ် ၁၄၅. ၈၈သန်း** ဖြစ်ပါသည်။

ဝန်ထမ်းများ၏စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အတိုးမဲ့ချေးငွေများနှင့်သက်သာသော အတိုးနှုန်းဖြင့်ချေးငွေများကိုထုတ်ချေးပေးလျှက်ရှိပါသည်။ခေတ်မီကွန်ပျူတာနည်းပညာကိုဝန်ထမ်းတိုင်းမှတတ်ကျွမ်းစေရန်ရည်ရွယ်၍ကွန်ပျူတာသင်တန်းများတက်ရောက်နိုင်ရန်ပံ့ပိုးပေးပြီးကိုယ်ပိုင် Computer Laptop များဝယ်ယူနိုင်ရန်အတွက်အတိုးမဲ့ချေးငွေများထုတ်ချေးပေးခဲ့ပါသည်။

ဝန်ထမ်းများလုပ်ငန်းခွင်မှ အနားယူသည့်အချိန်တွင်စုဆောင်းငွေများကိုတစ်လုံးတစ်ခဲတည်းရရှိပြီး ငွေကြေးအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍အိုနာစာရန်ပုံငွေကိုထူထောင်ပေးထားပါသည်။ ဝန်ထမ်းများ၏ထည့်ဝင်ငွေပေါ်မူတည်ပြီးဘဏ်မှထပ်ဆောင်းပေးပါသည်။ဘဏ်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ဝန်ထမ်း(၁၈၃)ဦးအတွက်**ကျပ်၈၀. ၅၁သန်း** ပေးအပ်ခဲ့ပါသည်။

လူမှုဖူလုံရေးဥပဒေနှင့်အညီ ဝန်ထမ်းများခံစားခွင့်ရရှိစေရန် လူမှုဖူလုံရေးဌာနမှသတ်မှတ်သည့်အတိုင်းဘဏ်မှလစဉ်အချိုးကျထည့်ဝင်ပေးပါသည်။ဘဏ်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ဝန်ထမ်းများအတွက်လူမှုဖူလုံရေးထည့်ဝင်ပေးငွေ**ကျပ်၁၉. ၉၇သန်း** ဖြစ်ပါသည်။

ဝန်ထမ်းများအတွက်ကျန်းမာရေးရန်ပုံငွေကိုဒါရိုက်တာများမှမတည်ထူထောင်ပေးထားပြီးမကျန်းမာသူခွဲစိတ်ကုသသူဝန်ထမ်းများကိုငွေကြေးများထောက်ပံ့ပေးပါသည်။အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်လိုအပ်သည့်ဆေးဝါးများကိုဝယ်ယူပံ့ပိုးပေးပါသည်။

**ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများတက်ရောက်စေခြင်း**

ဝန်ထမ်းများ၏နည်းပညာပိုင်းနှင့်လုပ်ငန်းပိုင်းပိုမိုကျွမ်းကျင်စေရန်အတွက်မြန်မာနိုင်ငံဘဏ်များအသင်းနှင့်နိုင်ငံခြားဘဏ်များ၊ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဖွင့်လှစ်သောအပြည်ပြည်ဆိုင်ရာသင်တန်းများ၊အထွေထွေဘဏ်လုပ်ငန်းသင်တန်းများသို့အရာထမ်းဝန်ထမ်းများကိုတက်ရောက်စေခဲ့ရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်Certificate level bank Auditing Course နှင့်Certificate level bank Accounting Courseအပါအဝင်Seminarများ၊ Work shopများ ဘဏ်လုပ်ငန်းရက်တိုသင်တန်းများသို့ သင်တန်းသား(၁၄)ဦးတက်ရောက်စေခဲ့ပါသည်။

ဘဏ်တွင်းစီမံခန့်ခွဲမှုပိုမိုကောင်းမွန်စေရန်နှင့်ဘဏ်လုပ်ငန်းများသွက်လက်မြန်ဆန်စေရန်အတွက်ရုံးချုပ်တွင်ဘဏ်ခွဲတာဝန်ခံများနှင့်ချေးငွေဌာနတာဝန်ခံများကိုခေါ်ယူ၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ဘဏ္ဍာရေးနှစ်ချုပ်ဆွေးနွေးပွဲများပြုလုပ်ပေးပါသည်။ဝန်ထမ်းများ၏အရည်အချင်းများတိုးတက်လာစေရန်အတွက်သင်တန်းများကိုစဉ်ဆက်မပြတ်ပေးလျှက်ရှိပါသည်။ရုံးချုပ်နှင့်ဘဏ်ခွဲများတွင်လစဉ်ဘဏ်ခွဲတာဝန်ခံများ၊ဌာနတာဝန်ခံများအရာထမ်းဝန်ထမ်းများပါဝင်သောလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုပြုလုပ်ပြီး လုပ်ငန်းပိုင်းအခက်အခဲများကိုညှိနှိုင်းဖြေရှင်းခြင်းနှင့်ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရန်အတွက်ဘဏ်ဖောက်သည်များ၏အကြံပြုတင်ပြချက်များကိုလိုအပ်သလိုပြုပြင်စေခဲ့ပါသည်။

**အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများ**

ဘဏ်တွင်းစီမံခန့်ခွဲမှုပိုမိုထိရောက်စေရန်နှင့်ဘဏ်လုပ်ငန်းများအဆင်ပြေစွာလည်ပတ်နိုင်ရန်အမှုဆောင်ဒါရိုက်တာ၊အမှုဆောင်အရာရှိချုပ်နှင့်အထွေထွေမန်နေဂျာများပါဝင်သောစီမံခန့်ခွဲရေးအဖွဲ့မှနေ့စဉ်ကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ အကြီးတန်းစီမံခန့်ခွဲသူအရာထမ်း အထွေထွေမန်နေဂျာ(၅)ဦးဖြစ်သောဦးအောင်မျိုးထွဋ်(ငွေကြေးဌာန)၊ဒေါ်နန်းမြတ်မွန်(စာရင်းဌာန) ဒေါ်စိုးစိုးဝင်း(ချေးငွေဌာန) ဒေါ်မိမိနိုင်(နိုင်ငံခြားဘဏ်လုပ်ငန်းဌာန) ဦးမျိုးမင်းချို (မိုဘိုင်းဘဏ်လုပ်ငန်းဌာန)တို့မှအသီးသီးခွဲဝေတာဝန်ယူထားသည့်သက်ဆိုင်ရာဘဏ်ခွဲများကိုအနီးကပ်ကြီးကြပ်လျှက်ရှိပြီးလုပ်ငန်းများကိုကောင်းမွန်စွာလည်ပတ်လျှက်ရှိပါသည်။

## ရှေ့လုပ်ငန်းစဉ်နှင့်ရည်မှန်းချက်များ

ဒါရိုက်တာအဖွဲ့မှရှေ့လုပ်ငန်းစဉ်များကိုချမှတ်ရာတွင်အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင်တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရင်းအစုရှင်များ၊ဘဏ်ဖောက်သည်များနှင့်ဝန်ထမ်းများ၏အကျိုးကိုပိုမိုဆောင်ရွက်နိုင်ရန် နှင့်ဘဏ်ကိုယခုထက်ပိုမိုကျစ်လစ်ခိုင်မာလာစေရန် ဆက်လက် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။

**ရန်ကုန်စတော့အိတ်ချိန်းတွင်စာရင်းဝင်ခြင်း ။** ။ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၉-၁၁-၂၀၁၅)နေ့(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ဒါရိုက်တာအဖွဲ့မှအစုရှယ်ယာရှင်များအကျိုးအမြတ်

ရရှိစေရန်၊ငွေလိုလျှင်ငွေဖော်နိုင်ရန်နှင့်ရန်ကုန်စတော့အိပ်ချိန်းအောင်မြင်ရန်တစ်ဖက်တစ်လမ်းမှပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့်ရန်ကုန်စတော့အိပ်ချိန်းတွင်မှတ်ပုံတင်စာရင်းဝင်ရောက်ခဲ့ပြီး(၂၀-၁-၂၀၁၇)နေ့မှစ၍အစုရှယ်ယာများကိုအရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ရန်ကုန်စတော့အိပ်ချိန်းတွင်ပထမပုဂ္ဂလိကဘဏ်၏ရှယ်ယာဈေးနှုန်းများမကျသွားစေရန်နှင့်ဘဏ်လုပ်ငန်းများကိုယခုထက်ပိုမိုအောင်မြင်စေရန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရပါမည်။

**ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရေး။** ။ဒါရိုက်တာအဖွဲ့မှချမှတ်ထားသည့်မူအတိုင်း တိုင်းနှင့်ပြည်နယ်မြို့ကြီးများအားလုံးနှင့်စီးပွားရေးအချက်အခြာကျသောမြို့များတွင်ဘဏ်ခွဲများလိုအပ်လျှင်လိုအပ်သလိုထပ်မံဖွင့်လှစ်နိုင်ရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ထို့အပြင်ဆင်းရဲမွဲတေမှုလျှော့ကျနိုင်ရန်ကျေးလက်ဒေသများတွင်ဝင်ငွေနည်းသူများကိုဘဏ်လုပ်ငန်းများ ငွေရေးကြေးရေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် မြို့ကြီးများထက်ကျေးလက်တောရွာများတွင်ဘဏ်ခွဲများဖွင့်လှစ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဘဏ်စနစ်ခေတ်မီတိုးတက်ရေး** ။ဘဏ်လုပ်ငန်းကိုကမ္ဘာ့အဆင့်မီခေတ်မီနည်းပညာကိုအသုံးပြုပြီးအင်တာနက်နှင့်ချိတ်ဆက်၍Core Bankingစနစ်ဖြင့် Mobile wallet နှင့်ခေတ်မှီဘဏ်လုပ်ငန်းများဖြစ်သောMobile Banking နှင့် Internet Banking များဆောင်ရွက်နိုင်ရန် Finastra Financial Software(MISYS) ဖြင့်တဆင့်ပြီးတစ်ဆင့်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုနှင့်ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး။** ။ဘဏ်လုပ်ငန်းများအောင်မြင်ရေးအတွက်အကောင်အထည်ဖော်ရာတွင်အဓိကကျသည့် ဘဏ်နှင့်ဆက်သွယ်သူများကိုအကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန်တွက် ဝန်ထမ်းများ၏လုပ်ငန်းကျွမ်းကျင်မှုနှင့်ဝန်ဆောင်မှုအရည်အသွေးပိုမိုကောင်းမွန်အောင်လေ့ကျင့်သင်ကြားပေးခြင်းဖြင့်အစဉ်တစ်စိုက်ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။ဝန်ထမ်းများ၏ဝန်ဆောင်မှုအရည်အသွေးယခုထက်ပိုမိုကောင်းမွန်ရန်ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ကြီးကြပ်ရေးကော်မတီများ နှင့် စီမံခန့်ခွဲရေးအဖွဲ့မှကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်တွင်း/ပြည်ပမှ ပထမပုဂ္ဂလိကဘဏ်အကြောင်းကိုကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်ဘဏ်၏အလားအလာညွှန်းတမ်းနှင့်ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများ၊ပထမပုဂ္ဂလိကဘဏ်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုအချိန်နှင့်တစ်ပြေးညီရန်ကုန်စတော့အိပ်ချိန်းဝက်ပ်ဆိုက်(web site) htts://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ်ဝက်ပ်ဆိုက်(website) "www.fpbbankmyanmar.com""www.fpb.com.mm" "www.firstprivatebank.com.mm"နှင့် Internet face book စာမျက်နှာ "First Private Bank" တွင်တင်ထားပါသည်။

**နိဂုံး။** ။ ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏စည်းစနစ်ကျစွာစီမံခန့်ခွဲ ဦးဆောင်မှု၊ နယ်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၏တာဝန်ယူကြီးကြပ်မှု၊ ဝန်ထမ်းများ၏ကြိုးစားဆောင်ရွက်မှုနှင့် အစုရှင်များ၏ဝိုင်းဝန်းပံ့ပိုးကူညီမှု ၊ဘဏ်ဖောက်သည်များ၏အစဉ်တစိုက်အားပေးမှုတို့ကြောင့်ပထမပုဂ္ဂလိကဘဏ်၏ကောင်းသောဂုဏ်သတင်းမှာ ပြန့်နှံ့လျက်ရှိပြီးအများပြည်သူ၏ယုံကြည်မှုကိုခိုင်မာစွာတည်ဆောက်နိုင်ခဲ့ပါသည်။ပထမပုဂ္ဂလိကဘဏ် ယခုထက်ပိုမိုအောင်မြင်ရန်အတွက်ဒါရိုက်တာအဖွဲ့ဝင်များဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ ဘဏ်ဝန်ထမ်းများမှဆထက်ထမ်းပိုးတိုး၍အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်ကြရပါမည်။ဘဏ်ရေရှည်အကျိုးအတွက်တက်ကြွစွာပါဝင်လှုပ်ရှားမည့်အရည်အချင်းပြည့်ဝသောဒါရိုက်တာများနှင့်ကျွမ်းကျင်မှုပြည့်ဝသောဝန်ထမ်းများကိုရှာဖွေစုဆောင်းသွားရပါမည်။အစုရှင်များမှလည်းအရည်အချင်းပြည့်ဝပြီးဘဏ်အတွက်ထိရောက်စွာအကျိုးပြုနိုင်မည့်ဒါရိုက်တာများကိုရွေးချယ်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်ကြီးအောင်မြင်အောင်ပံ့ပိုးပေးကြသောဒါရိုက်တာအဖွဲ့ဝင်များ၊ဂုဏ်ထူးဆောင်အကြံပေးများဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၊အစုရှယ်ယာရှင်များ၊ဘဏ်နှင့်ဆက်သွယ်သူများနှင့်ဘဏ်ဝန်ထမ်းများအားလုံးကိုအထူးကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။

| | | |
|---|---|---|
| ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ |
| ဥက္ကဋ္ဌ | အတွင်းရေးမှူး | တွဲဘက်အတွင်းရေးမှူး |